**Direct delivery (တိုက်ရိုက်ထုတ်ယူခြင်း)**

This chapter describes procedures for direct delivery of import declaration. Direct delivery is a procedure to allow the import declaration when the cargo is on the ship, barge, or vehicle lying alongside the ship. It is for the not containerized cargo like gravel, powdery livestock feed, or iron or etc. Which do not prohibit customs physical examination by its way of storage. It is also allowed for the chemical stuff which is necessary to transport in haste for suitable storing because of the not enough facilities to store at the port. The application for the direct delivery and its approval are necessary before the import declaration.

သွင်းကုန်ကြေညာလွှာ၏ တိုက်ရိုက်ထုတ်ယူခြင်း လုပ်ငန်းစဉ်များကို ဖော်ပြထားပါသည်။ တိုက်ရိုက်ထုတ်ယူခြင်းသည် ကုန်ပစ္စည်းများ သင်္ဘော၊ ရေယာဉ်၊ ကုန်တင်ယာဉ်များပေါ်တွင်ရှိနေစဉ် အဆိုပါသင်္ဘော၏ဘေးမှ တိုက်ရိုက်ထုတ်ယူချထားမှုအား ခွင့်ပြုသည့် ကုန်ပစ္စည်းတင်သွင်းမှု၏လုပ်ငန်းစဉ်ဖြစ်သည်။ အဆိုပါကုန်ပစ္စည်းများသည် ကုန်သေတ္တာတွင်းသို့ ထည့်သွင်းထားခြင်းမရှိသည့် ကျောက်စရစ်၊ သက်ရှိအစားအစာအမှုန့်များ၊ သံတုံးသံချောင်းများ ဖြစ်ပါသည်။ အဆိုပါထားရှိမှု နည်းလမ်းအား အကောက်ခွန်၏ ဖွင့်ဖောက်စစ်ဆေးခြင်းမှ တားမြစ်ထားခြင်းမရှိပါ။ ဆိပ်ကမ်းတွင် သိုလှောင်ထားရှိရန် လွယ်ကူလုံလောက်မှုမရှိသော ဓာတုပစ္စည်းများကို လည်းပဲ သင့်လျော်သော သိုလှောင်ရုံသို့ အလျင်အမြန်  ပို့ဆောင်ရန် ခွင့်ပြုထားပါသည်။ တိုက်ရိုက်ထုတ်ယူခြင်းအတွက် လျှောက်ထားမှုနှင့် အတည်ပြုခြင်းသည် သွင်းကုန်ကြေညာလွှာ မတင်သွင်းမှီရရှိရန် လိုအပ်ပါ သည်။

**Direct delivery application for the ship, barge, vehicle**

**(သင်္ဘော၊ရေယာဉ်၊ကုန်တင်ယာဉ်များအတွက် တိုက်ရိုက်ထုတ်ယူခွင့်လျှောက်ထားခြင်း)**

In case of direct delivery for the ship, barge, or vehicle, application by HFC service or manual application is needed after the cargo information is registered in the system.

သင်္ဘော၊ရေယာဉ်၊ကုန်တင်ယာဉ် အတွက်တိုက်ရိုက်ထုတ်ယူခြင်းကိစ္စရပ်များတွင် HFC service ဖြင့် လျှောက်ထားခြင်း သို့မဟုတ် ကုန်ပစ္စည်းဆိုင်ရာ သတင်းအချက်အလက်များ system အတွင်းသို့ စာရင်းမသွင်းမှီ လူကိုယ်တိုင် လျှောက်ထားခြင်း ပြုလုပ်ရန် လိုအပ်ပါသည်။

**<HFC screen sample>**




**Application by system (HFC service) System ဖြင့်လျှောက်ထားခြင်း (HFC service)**

**<In case of direct delivery for ship> သင်္ဘောအတွက် တိုက်ရိုက်ထုတ်ယူသည့် ကိစ္စရပ်**

| No | Element name (သက်ဆိုင်ရာ ခေါင်းစဉ်) | Remarks (သတ်မှတ်ချက်) |
|---|---|---|
| 1 | Type of domestic transport<br>ပြည်တွင်း သယ်ဆောင်မှုနည်းလမ်း | Input "S".<br>S ကိုဖြည့်ပါ။ |
| 2 | Barge name<br>ရေယာဉ် အမည် | No input.<br>ဖြည့်သွင်းရန် မလိုပါ။ |
| 3 | Bonded area of discharge<br>ခွင့်ပြုထားသောကုန်ပစ္စည်းချထားမည့်နေရာ | Input the bonded area code for the place of discharge which is defined by customs.<br>အကောက်ခွန်မှ သတ်မှတ်ခွင့်ပြုထားသောနေရာတွင် ကုန်ပစ္စည်း ချထားမည့် code ကိုဖြည့်ပါ။ |
| 4 | Stowage status code<br>သိုလှောင်မည့် အဆင့် code | Input one of the following codes which is matched to the stowage status of the cargo.<br>အောက်ပါ code များမှ ကုန်ပစ္စည်းသိုလှောင်မည့်အဆင့်<br>1."CCG":Consolidated cargo which is divided clearly.<br>2."NCC":Non-Consolidated cargo which is divided clearly.<br>3."OTH":Other (the stowage status which does not have trouble in an examination)<br>၁။ "CCG" ရှင်းလင်းစွာ ပိုင်းခြားထားသည့် စုပေါင်း ထည့်သွင်း ထားသည့်ကုန်စည်<br>၂။ "NCC" ရှင်းလင်းစွာ ပိုင်းခြားထားသော စုပေါင်း ထည့်သွင်း ထားခြင်းမရှိသည့် ကုန်စည်<br>၃။ "OTH" အခြားကုန်စည် ( စစ်ဆေးမှုဆောင်ရွက်ရာတွင် အနှောက်ယှက်မရှိသော သိုလှောင်မည့်အဆင့် ) |

**<In case of direct delivery for barge> ရေယာဉ်အတွက် တိုက်ရိုက်ထုတ်ယူသည့်ကိစ္စရပ်**

| No | Element name (သက်ဆိုင်ရာ ခေါင်းစဉ်) | Remarks (သတ်မှတ်ချက်) |
|---|---|---|
| 1 | Type of domestic transport<br>ပြည်တွင်း သယ်ဆောင်မှုနည်းလမ်း | Input “B”.<br>B ကိုဖြည့်ပါ။ |
| 2 | Barge name<br>ရေယာဉ် အမည် | Input the barge name.<br>ရေယာဉ်၏အမည်ကို ဖြည့်သွင်းပါ။ |
| 3 | Bonded area of discharge<br>ခွင့်ပြုထားသောကုန်ပစ္စည်းချထားမည့်နေရာ | Input the bonded area code for the place of discharge which is defined by customs.<br>အကောက်ခွန်မှ သတ်မှတ်ခွင့်ပြုထားသောနေရာတွင် ကုန်ပစ္စည်းချထားမည့် code ကိုဖြည့်ပါ။ |
| 4 | Stowage status code<br>သိုလှောင်မည့် အဆင့် code | No input.<br>ဖြည့်သွင်းရန်မလိုပါ။ |

**<In case of direct delivery for vehicle> ကုန်တင်ယာဉ်အတွက် တိုက်ရိုက်ထုတ်ယူသည့်ကိစ္စရပ်**

| No | Element name (သက်ဆိုင်ရာ ခေါင်းစဉ်) | Remarks (သတ်မှတ်ချက်) |
|---|---|---|
| 1 | Type of domestic transport<br>ပြည်တွင်း သယ်ဆောင်မှုနည်းလမ်း | Input “V”.<br>V ကိုဖြည့်ပါ။ |
| 2 | Barge name<br>ရေယာဉ် အမည် | Input the vehicle No.<br>ကုန်တင်ယာဉ်နံပါတ်ကို ဖြည့်ပါ။ |
| 3 | Bonded area of discharge<br>ခွင့်ပြုထားသောကုန်ပစ္စည်းချထားမည့်နေရာ | Input the bonded area code for the place of discharge which is defined by customs.<br>အကောက်ခွန်မှ သတ်မှတ်ခွင့်ပြုထားသောနေရာတွင် ကုန်ပစ္စည်းချထားမည့် code ကိုဖြည့်ပါ။ |
| 4 | Stowage status code<br>သိုလှောင်မည့် အဆင့် code | No input.<br>ဖြည့်သွင်းရန်မလိုပါ။ |

**Application by manual (လူကိုယ်တိုင်လျှောက်ထားခြင်း)**

When application by the system can not be submitted, submit manual application to the customs after the cargo information is registered in the system. When it is approved, customs officer will register the approval information in the system.

System ဖြင့်လျှောက်ထားခြင်း ဆောင်ရွက်မရသောကိစ္စရပ်များတွင် ကုန်စည်ဆိုင်ရာသတင်း အချက်အလက်များအား system သို့ စာရင်းသွင်းပြီးချိန်တွင် အကောက်ခွန်သို့ လူကိုယ်တိုင်လျှောက်ထား ခြင်းကိစ္စရပ်များဆောင်ရွက်ရပါမည်။ အတည်ပြုချက် ရရှိပြီးသော အခါ အကောက်ခွန်အရာရှိမှ အတည်ပြု ချက်ဆိုင်ရာ သတင်းအချက်အလက်များကို system သို့ စာရင်းသွင်းမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

**Direct delivery for the cargo which is necessary to transport in haste**

**(အလျင်အမြန်သယ်ဆောင်ရန်လိုအပ်သော ကုန်စည်များအား တိုက်ရိုက်ထုတ်ယူခြင်း)**

It is necessary to submit manual application to the customs office. In this case, the import declaration for the cargo is processed as the declaration without cargo information.

ကုန်ပစ္စည်းသတင်းအချက်အလက်မရှိသော ကြေညာလွှာနှင့်ပတ်သက်၍ သွင်းကုန်ကြေညာလွှာတင်သွင်းရာတွင် ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အကောက်ခွန်ရုံးသို့လူကိုယ်တိုင် လျှောက်ထားခြင်းကိစ္စရပ်အား ဆောင်ရွက်ရန်လိုအပ်ပါသည်။

**Import declaration with direct delivery (သွင်းကုန်ကြေညာလွှာတိုက်ရိုက်ထုတ်ယူခွင့်လျှောက်ထားခြင်း)**

In import declaration, input about direct delivery information is necessary in IDA service.

သွင်းကုန်ကြေညာလွှာတွင်လိုအပ်သော တိုက်ရိုက်ထုတ်ယူခွင့်အချက်အလက်များကို IDA service တွင် ဖြည့်သွင်းပေး ရပါမည်။

**Direct delivery for ship, barge, vehicle (သင်္ဘော၊ရေယာဉ်၊ကုန်တင်ယာဉ်များအတွက်တိုက်ရိုက်ထုတ်ယူခွင့်)**

**<IDA screen sample (common)>**



**<In case of approval by the system> System ဖြင့်အတည်ပြုချက်ရယူခြင်းဆိုင်ရာကိစ္စရပ်**

| No | Element name (သက်ဆိုင်ရာ ခေါင်းစဉ်) | Remarks (သတ်မှတ်ချက်) |
|---|---|---|
| 1 | Category of cargo code<br>ကုန်ပစ္စည်း၏အမျိုးအစား code | No input is necessary for the direct delivery. Do not input “K”.<br>တိုက်ရိုက်ထုတ်ယူခြင်းအတွက် ဖြည့်ထားခြင်းမလို အပ်ပါ။ "K" ဟူ၍ မဖြည့်ရပါ။ |
| 2 | Customs warehouse code<br>အကောက်ခွန်ကုန်လှောင်ရုံ code | Input the code for direct delivery which is defined by customs corresponding to the “Type of domestic transport” inputted in HFC service.<br>အကောက်ခွန်မှ သတ်မှတ်ထားသော HFC service တွင်ပါဝင်သည့် တိုက်ရိုက်ထုတ်ယူခြင်းအတွက် ပြည်တွင်းသယ်ဆောင်မှုအမျိုးအစား code အား ဖြည့်သွင်းပေးရပါမည်။ |
| 3 | B/L (AWB) No.<br>B/L (AWB) နံပါတ် | Input B/L No. which is inputted in HFC service.<br>HFC တွင်ထည့်သွင်းထားသော B/L နံပါတ်ကို ဖြည့်သွင်း ပေးရမည်။ |
| 4 | Import license/approval identification<br>သွင်းကုန်လိုင်စင်/ အတည်ပြု သတ်မှတ်ချက် | Input the code for direct delivery approval by the system which is defined by customs.<br>အကောက်ခွန်မှသတ်မှတ်ထားသော system ဖြင့်အတည်ပြုထားသောတိုက်ရိုက်ထုတ်ယူခွင့် code ကို ဖြည့်သွင်း ပေးရမည်။ |
| 5 | Import license/approval No. etc.<br>သွင်းကုန်လိုင်စင်/အတည်ပြုချက်နံပါတ်.. etc. | Input the Application No. of direct delivery which is issued by HFC service.<br>HFC service မှ ပြဌာန်ထားသော တိုက်ရိုက်ထုတ်ယူခွင့်၏ လျှောက်ထားလွှာနံပါတ်ကိုဖြည့်သွင်းပေးရမည်။ |

**<In case of approval by the manual> လူကိုယ်တိုင်ဖြင့်အတည်ပြုချက်ရယူခြင်းဆိုင်ရာကိစ္စရပ်**

| No | Element name (သက်ဆိုင်ရာ ခေါင်းစဉ်) | Remarks (သတ်မှတ်ချက်) |
|---|---|---|
| 1 | Category of cargo code<br>ကုန်ပစ္စည်း၏အမျိုးအစား code | No input is necessary for the direct delivery.Do not input “K”.<br>တိုက်ရိုက်ထုတ်ယူခြင်းအတွက် ဖြည့်ထားခြင်းမလို အပ်ပါ။ "K" ဟူ၍ မဖြည့်ရပါ။ |
| 2 | Customs warehouse code<br>အကောက်ခွန်ကုန်လှောင်ရုံ code | Input the code for direct delivery which is defined by customs corresponding to the “Type of domestic transport” inputted in HFC service.<br>အကောက်ခွန်မှ သတ်မှတ်ထားသော HFC service တွင်ပါဝင်သည့် တိုက်ရိုက်ထုတ်ယူခြင်း အတွက် ပြည်တွင်းသယ်ဆောင်မှုအမျိုးအစား code အားဖြည့်သွင်းပေးရပါမည်။ |
| 3 | B/L (AWB) No.<br>B/L (AWB) နံပါတ် | Input B/L No. which is written in the manual application of direct delivery.<br>တိုက်ရိုက်ထုတ်ယူခွင့်၏ လူကိုယ်တိုင်လျှောက်ထားချက်တွင် ရေးသားထားသော B/L နံပါတ်ကိုဖြည့်ပါ။ |
| 4 | Import license/approval identification<br>သွင်းကုန်လိုင်စင်/ အတည်ပြု သတ်မှတ်ချက် | Input the code for direct delivery approval by the manual which is defined by customs.<br>လူကိုယ်တိုင်လျှောက်ထားသော အကောက်ခွန်မှသတ်မှတ်ထားသည့် တိုက်ရိုက်ထုတ်ယူခွင့်၏ အတည်ပြုချက် code ကိုဖြည့်သွင်းပါ။ |
| 5 | Import license/approval No. etc.<br>သွင်းကုန်လိုင်စင်/အတည်ပြုချက်နံပါတ်.. etc. | Input the Application No. of direct delivery which is issued and registered in the system by customs.<br>အကောက်ခွန်မှ system တွင် ပြဌာန်း၊ စာရင်းသွင်းထားသော တိုက်ရိုက်ထုတ်ယူခွင့်၏ လျှောက်ထားလွှာ နံပါတ်အား ဖြည့်ရမည်။ |

**Direct delivery for the cargo which is necessary to transport in haste**

**(အလျင်အမြန်သယ်ဆောင်ရန်လိုအပ်သော ကုန်စည်များအား တိုက်ရိုက်ထုတ်ယူခြင်း)**

**<IDA screen sample (common)>**




| No | Element name (သက်ဆိုင်ရာ ခေါင်းစဉ်) | Remarks (သတ်မှတ်ချက်) |
|---|---|---|
| 1 | Category of cargo code<br>ကုန်ပစ္စည်း၏အမျိုးအစား code | Input “K”.<br>K ကိုဖြည့်ပါ။ |
| 2 | Customs warehouse code<br>အကောက်ခွန်ကုန်လှောင်ရုံ code | Input the bonded area code which is defined by customs.<br>အကောက်ခွန်မှ သတ်မှတ်ထားသော ကုန်ပစ္စည်းချထားမည့်နေရာ code ကိုဖြည့်သွင်းရမည်။ |
| 3 | B/L (AWB) No.<br>B/L (AWB) နံပါတ် | Input B/L No. which can define the cargo to be transported in haste.<br>အလျင်အမြန်သယ်ဆောင်ရမည့် ကုန်ပစ္စည်းအတွက် သတ်မှတ်နိုင်သော B/L နံပါတ်ကို ဖြည့်သွင်းပါ။ |
| 4 | Import license/approval identification<br>သွင်းကုန်လိုင်စင်/ အတည်ပြု သတ်မှတ်ချက် | No input is necessary for the direct delivery.<br>တိုက်ရိုက်ထုတ်ယူခြင်းအတွက် ဖြည့်သွင်းရန်မလိုပါ။ |
| 5 | Import license/approval No. etc.<br>သွင်းကုန်လိုင်စင်/ အတည်ပြုချက်နံပါတ် .. etc. | No input is necessary for the direct delivery.<br>တိုက်ရိုက်ထုတ်ယူခြင်းအတွက် ဖြည့်သွင်းရန်မလိုပါ။ |